# Marine Hull Insurance – Product Brief

KBZMS ၏ ရေယာဉ်ကိုယ်ထည် အာမခံသည်စီးပွားရေးလုပ်ငန်းများအတွက် ပြည်တွင်းနှင့် ပြည်ပတွင် လည်ပတ်နေသော သင်္ဘောကိုယ်ထည်နှင့် စက်ယန္တရားများအတွက် ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်မှုများ ပေးပါသည်။

KBZMS's Marine Hull insurance provides businesses with comprehensive coverage for hull and machinery of vessels operating both inland and overseas.

**ရေယာဉ်ကိုယ်ထည်အာမခံ**

မိမိတို့၏ရေယာဉ်များကို မမျှော်လင့်သော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပါက နစ်နာဆုံးရှုံးမှု ကို ကာကွယ်မှုရရှိစေရန်အတွက် ရေယာဉ်ကိုယ်ထည်အာမခံကို ထားရှိသင့်ပါသည်။ မြန်မာပြည်တွင်းနှင့် ပြည်ပတွင် ခုတ်မောင်းသွားလာသည့် ရေယာဉ်များ ရေကြောင်းအန္တရာယ်မှ အကာအကွယ်ရရှိစေရန်ဖြစ်ပါသည်။

**အာမခံထားခွင့်ရှိသူ**

- ရေယာဉ်ပိုင်ရှင် (လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း)
- ရေယာဉ်ကိုယ်ထည်ကို ငှားရမ်းသုံးစွဲသူ (လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း)

**အာမခံသက်တမ်း**

- ခရီးတစ်ခေါက်
- (၁)လ မှ (၁)နှစ် (ပရီမီယံပေးသွင်းသည့်ရက်မှစ၍)

**အာမခံတန်ဖိုး**

- အာမခံလက်ခံသူနှင့် အာမခံထားသူတို့ ကျေနပ်၍ စာချုပ်ချုပ်ဆိုသောတန်ဖိုးများ
- ဈေးကွက်ပေါက်ဈေး၊ အရောင်းအဝယ်စာချုပ်ပါတန်ဖိုးများ

**တံဆိပ်ခေါင်းတန်ဖိုး**

- အာမခံထားငွေကျပ် (၁) သိန်းလျှင် ကျပ် ၁၀/- နှုန်း

**အာမခံနှုန်းထားများ**

- ရေယာဉ်အမျိုးအစား၊ အသုံးပြုပုံ၊ ရေယာဉ်၏ (အကျယ်၊ အရှည်၊ အမြင့်၊ အင်ဂျင် Gross Registered-tonnage တည်ဆောက်သည့်နှစ်)၊ အသုံးပြုသည့်ရေနယ်နိမိတ် စသည့်အချက်များပေါ်မူတည်၍ အာမခံနှုန်းထားသတ်မှတ်ပါသည်။
  - သံကိုယ်ထည် (All Risks Cover) - 2.0 % To 3.0 %
  - သံကိုယ်ထည် (Total Loss Only) – 1.0 % To 1.6 %
  - ရေယာဉ်သက်တမ်းအနှစ် (၂၀) ကျော်ပါက ကျသင့်ပရီမီယံအပေါ် 10 % ထပ်ပေါင်းကောက်ခံပါသည်။

**ပရီမီယံပေးသွင်းမှုစနစ်**

- ပရီမီယံနှင့်တကွ တံဆိပ်ခေါင်းဖိုးကို တစ်ကြိမ်တည်းပေးသွင်းရန်ဖြစ်ပါသည်။.

**အာမခံအမျိုးအစား**

- နိုင်ငံတကာတွင်ကျင့်သုံးနေသော မူများနှင့်အညီ Time / Voyage Clauses Hulls တို့ကိုအခြေခံ၍ ပြည်တွင်း (Inland) နှင့် ပြည်ပ (Oversea) ဟူ၍ အောက်ပါအတိုင်းခွဲခြားထားပါသည်။
  - ပြည်တွင်းရေယာဉ်ကိုယ်ထည်အာမခံ (ခရီးစဉ်တစ်ခေါက်ပေါ်လစီ)
  - ပြည်တွင်းရေယာဉ်ကိုယ်ထည်အာမခံ (အချိန်ပိုင်းပေါ်လစီ)
  - ပြည်ပရေယာဉ်ကိုယ်ထည်အာမခံ (ခရီးစဉ်တစ်ခေါက်ပေါ်လစီ)
  - ပြည်ပရေယာဉ်ကိုယ်ထည်အာမခံ (အချိန်ပိုင်းပေါ်လစီ)

**အာမခံအကာအကွယ်များ**

- အလုံးစုံအန္တရာယ်အာမခံအကာအကွယ် (All Risks)
- လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် (Total Loss Only)
  လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် (Total Loss Only) တွင် လုံးဝနစ်မြုပ်ဆုံးရှုံးမှုအကာအကွယ် (Total Loss Only) နှင့် လုံးဝနီးပါးဆုံးရှုံးမှုအကာအကွယ် (Constructive Total Loss) နှစ်မျိုးစလုံးအတွက် အကာအကွယ်များကို ရရှိမည်ဖြစ်ပါသည်။ All Risk Cover တွင် ယင်းအကာ အကွယ်များအပြင် မြစ်ကြောင်း၊ ပင်လယ် သမုဒ္ဒရာတွင်းဖြစ်သော ဘေးအန္တရာယ်များဖြစ်သည့်

- မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း
- သင်္ဘောပြင်ပမှ အဖမ်းခံခြင်း
- သင်္ဘောအပေါ်မှ ပစ်ချခြင်း
- ပင်လယ်ဓါးပြ
- နျူကလီးယား အဆောက်အဦး (သို့မဟုတ်) အနုမြူဓါတ်ပေါင်းဖို မတော်တဆချို့ယွင်းပျက်စီးမှု
- လေယာဉ် (သို့မဟုတ်) အလားတူအရာများနှင့် ထိခိုက်မိခြင်း၊ အပေါ်မှ ကျလာ သောအရာ များနှင့် ထိခိုက်မိခြင်း၊ သင်္ဘောကျင်း သို့မဟုတ် ဆိပ်ကမ်းမှ ပစ္စည်းကိရိယာများနှင့် တိုက်မိခြင်း
- ငလျင်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပေါက်ကွဲခြင်း
- ကုန်တင်ကုန်ချခြင်း၊ ကုန်များပြောင်းရာ၌ ထိခိုက်ခြင်းကြောင့် ပျက်စီးခြင်း
- ဘွိုင်လာများပေါက်ကွဲခြင်း၊ ကျိုးကျခြင်း နှင့် စက်နှင့် ရေယာဉ်ကိုယ်ထည်တွင် တည်ဆောက်မှု မှားယွင်းခြင်းကြောင့် ပျက်စီးခြင်း
- သင်္ဘောသား၊ ကပ္ပတိန်နှင့် အရာရှိများ ပေါ့ဆမှားယွင်းမှုကြောင့် ပျက်စီးခြင်း
- ငှားရမ်းအသုံးပြုသူများ (သို့) ပြင်ဆင်သူများ၏ ပေါ့ဆမှုကြောင့် ပျက်စီးခြင်း
- သင်္ဘောအရာရှိ၊ သင်္ဘောသားများ ပုန်ကန်လျက် သင်္ဘောအပိုင်စီးမှုကြောင့် ပျက်စီးမှုများ

(အားလုံးသော အကြောင်းအရာများတွင် သင်္ဘောပိုင်ရှင်၏ ပေါ့ဆမှုမပါစေရ။)

**<u>အပိုအကာအကွယ်</u>**

- War, Strike, Malicious acts and Nuclear exclusion များအတွက် အကာကွယ်တစ်မျိုးမျိုးကို ပူးတွဲထားလိုပါက ကျသင့်ပရီမီယံ၏ ၀.၅၀% ထပ်မံကောက်ခံမည်ဖြစ်ပါသည်။

**<u>အဆိုပြုလွှာတင်ရန်</u>**

- အဆိုပြုလွှာတင်ရန် ဖော်ပြပါ စာရွက်စာတမ်းများ လိုအပ်ပါသည် -
    - အဆိုလွှာဖြည့်စွက်ခြင်း
    - ရေယာဉ်တန်ဖိုး အထောက်အထား (ရာဖြတ်အစီရင်ခံစာ)
    - ရေယာဉ်ဓါတ်ပုံ (ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အင်ဂျင်ခန်း)
    - ရေယာဉ်လိုင်စင်မိတ္တူ
    - သက်တမ်းအကျုံးဝင်ရေယာဉ်ပို့ဆောင်ခွင့်လိုင်စင်မိတ္တူ
    - သက်တမ်းအကျုံးဝင်လုပ်ငန်းလိုင်စင်မိတ္တူ
    - Load Line Certificate
    - ရေယာဉ်မှူး၏ လိုင်စင်မိတ္တူ/ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
    - စက်ခန်းအုပ်လိုင်စင်မိတ္တူ
    - မျက်မြင်စစ်ဆေးချက်အစီရင်ခံစာ

  အကယ်၍ အာမခံထားရန်အတွက် အကူအညီ လိုအပ်ခဲ့ပါလျှင် ကျွန်ုပ်တို့ KBZMS ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များက အခမဲ့ ဝန်ဆောင်မှုပေးရန် အသင့်ရှိပါသည်။

**<u>လျော်ကြေးတောင်းခံရန်</u>**

- KBZMS သို့ ချက်ချင်း အကြောင်းကြားရန် လိုအပ်ပါသည်။
- လျော်ကြေးတောင်းခံရန် လျော်ကြေးတောင်းခံလွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ လိုအပ်ပါသည် -
    - ပျက်စီးမှုအစီရင်ခံစာ (အပျက်အစီးမှုပြန်လည်ရောင်းချရငွေဖော်ပြရန်)
    - ရေယာဉ်အုပ်၊ ဆလင် ကျမ်းကျိန်ချက်
    - သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့ (သို့) ပြည်သူ့ရဲတပ်ဖွဲ့ထောက်ခံချက်
    - သက်တမ်းအကျုံးဝင်ရေယာဉ်လိုင်စင်မိတ္တူ
    - ရေယာဉ်နေ့စဉ်မှတ်တမ်း
    - ဓာတ်ပုံ
    - Claim Survey Report တို့ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။